## သဒ္ဒါသည်း မျက်မှန်

တောင်ခြေရင်းက ငါ-

မင်းတို့ရှေ့မှာ

ဟိမဝန္တာတောင်ထိပ်ကိုတောင် တက်ပြခဲ့လို့လား။

ဒါနဲ့များ-

အရှင်လတ်လတ် ရုပ်ကလပ်နဲ့

သုတိသာ နတ်ပြည်ကို

တက်ခဲ့တယ်လို့-- ပြောရက်လေခြင်း။ ။

ပိလတ်မင်း လက်ထဲက ငါ-

မင်းတို့ရှေ့မှာ

သိန တောင်ထိပ်ကိုတောင် တက်ခဲ့လို့လား။

ဒါနဲ့များ--

အရှင်လတ်လတ် ရုပ်ကလပ်နဲ့

ကောင်းကင်က ဘုရားဆီကို

တက်သွားတယ်လို့-- ပြောရက်လေခြင်း။ ။

စွန်ပလွံ့ တဲထဲက ငါ-

မင်းတို့ရှေ့မှာ

တရုပ်ပြည်ကိုတောင် ရောက်ခဲ့လို့လား။

ဒါနဲ့များ--

အရှင်လတ်လတ် ရုပ်ကလပ်နဲ့

နှစ်လေးဆယ် ကောင်းကင်ခရီးကို

သွားခဲ့တယ်လို့-- ပြောရက်လေခြင်း။ ။

မင်းတို့တွေ--

ငါ့သာသနာကို

ချစ်တာလား? ဖျက်တာလား?

မိမိပြုတဲ့ကံ-- မိမိသာခံပေတော့။

သံသရာမှာ စရင်းရှင်းဘို့

စောင့်နေမယ်။ ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com